88gsmon@gmail.com

## ( ၆၃ )နှစ်မြောက်မွန်အမျိုးသားနေ့အခမ်းအနားသို့
## ၈၈မျိုးဆက်ကျောင်းသားများ(မွန်ပြည်နယ်)မှပေးပို့သည့်သဝဏ်လွှာ

ဇန်နဝါရီလ ၃၀ ရက်၊၂၀၁၀ခုနှစ်

မွန်အမျိုးသားသွေးချင်းတို့၏ဂုဏ်ယူဘွယ်ဖြစ်သည့် ထူးမြတ်လှသည့် ၆၃နှစ်မြောက် မွန် အမျိုးသားနေ့ အခါသမယ ၌ကျွန်ုပ်တို့ ၈၈မျိုးဆက်ကျောင်းသားများ (မွန်ပြည် နယ်)မှယခုကဲ့သို့ သဝဏ်လွှာပေးပို့ခွင့်ရရှိခဲ့သည့်အတွက်များစွာကျေနပ် ဂုဏ်ယူမိပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသားအားလုံးတိုင်းရင်းသားညီရင်းအကိုများဟုဆိုလျှင် မွန်တို့၏ကိုယ့်ထီးပိုင်နန်းပိုင်ဟံသာဝတီနိုင်ငံတော်သည် မြန်မာနိုင်ငံသားများအားလုံးအတွက် ဂုဏ်ယူဂမ်းမြောက်ဘွယ်သမိုင်းပင်ဖြစ်ပါသည်။

ဟံသာဝတီမွန်မင်းနေပြည်တော်နှင့်မွန်ဘုရင်တို့၏ဘုန်းမီးနေလတောက်ပြောင် ခဲ့မှုသမိုင်းအမွေအနှစ်များအား မွန်အမျိုးသားများသာမက ထိုသမိုင်းဒေသ၏အရိပ်၌ခိုလှုံနေ ကြသည့် မည်သည့်တိုင်းရင်းသားမဆိုဂုဏ်ယူနေကြရပါသည်။

ယနေ့အချိန်တွင်မွန်နှင့်မြန်မာဟူသည်မှာခွဲခြား၍မရအောင်ပင်သွေးသားရင်းနီး တော်စပ်သူများဖြစ်နေကြပေသည်။

မြန်မာနိုင်ငံတပှမ်းရိုးရာကိုးကွယ်မှုများအရလူမျိုးသတ်မှတ်ခေါ် ဆိုမည်ဆိုပါက မြန်မာနိုင်ငံ မြို့တိုင်း၊နယ်တိုင်းတွင်မွန်လူမျိုး ဟူသည်လက်ညှိုးညွှန်မလွဲဖြစ်ရခြေတော့မည်။

ကျွန်ုပ်တို့၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ကြီးများထဲတွင်ထင်ရှားသည့် ခေါင်းဆောင်တဦးဖြစ်သောမင်းဇေယျာ(ယခုထောင်တွင်းဥပဒေမဲ့နှစ်ရှည်အကျဉ်းချခြင်းခံထားရ သူ) သည်မွန်အမျိုးသားတဦး ဖြစ်ပါသည်။သူ၏ယုံကြည်ချက်နှင့်စွန့်လွှတ်အနစ်နာခံမှု များ အပေါ် တွင်ကျွန်ုပ်တို့ ၈၈မျိုးဆက်ကျောင်းသားများ (မွန်ပြည်နယ်) မှ ယခုကဲ့သို့ နေ့ထူး နေ့မြတ်ကြီး၌ ဦးညွှတ်မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့်ဘဂအသက်ပေါင်းများစွာရင်းနှီးပေးဆပ်ခဲ့သော၊ပေးဆပ်နေဆဲဖြစ်သော ရဲဘော်ကိုတော်များ၊ဒီမိုကရေစီရေးတိုက်ပွဲဝင်ရဲဘော်များယုံကြည်ချက်အားသစ္စာပြု၍တိုင်းရင်းသားပြည်သူလူထုတရပ်လုံးအတွက်အဓိပ္ပါယ်မဲ့ ဖြစ်သော နအဖ၏ ၂ဂဂ၈ခုနှစ်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ထိုဥပဒေအား အသက်သွင်းမည့် ၂ဂ၁ဂခုနှစ်ရွေးကောက်ပွဲ အားအပြင်းအထန်ကန့်ကွက်ဆန့်ကျင်သွားမည်ဖြစ်ပါသည်။

နအဖ စစ်အာဏာပိုင်များအနေဖြင့် ၎င်းတို့နှင့်အပေါင်းအပါရပ်စဲထားသော မွန်ပြည်သစ်ပါတီ အား နိုင်ငံရေးအရတန်းတူရည်တူစေ့စပ်ဆွေးနွေးအဖြေရှာခြင်းမပြုလုပ်ဘဲ ၎င်းတို့၏သြဇာခံ များဖြစ်လာစေရန် အတင်းအဓမ္မ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် သွတ်သွင်းနေခြင်းအား မွန်တမျိုးသား လုံးသာမကမွန်အမျိုးသားအခြေပြုဒေသအတွင်းရှိမည်သည့် တိုင်းရင်သားလူမျိုးမဆို သတိကြီးစွာထားရမည့်အချက်ပင်ဖြစ်ပါသည်။

မွန်တမျိုးသားလုံးသာမကတိုင်းရင်းသားပြည်သူလူထုတရပ်လုံးစစ်ကျွန်ဘဂမှလွတ်မြောက်နိုင်ရေး၊ငြိမ်းချမ်းသာယာသောမွန်ပြည်နယ်အဖြစ်ထာဂရ ရပ်တည်နိုင်ရေးအတွက်စစ်အာဏာရှင်စံနစ်အမြစ်ပြတ်ချုပ်ငြိမ်းရေးသည်ကျွန်ုပ်တို့၏အဓိက တော်လှန်ရေးတာဂန်တရပ်ဖြစ်ပေသည်။

ယနေ့တွင်ကျရောက်သောမွန်အမျိုးသားနေ့အခါသမယ၌မွန်ပြည်သူလူထုတရပ်လုံးနှင့်မိမိမွန်အမျိုးသားတို့၏တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် တိုက်ပွဲဂင်နေကြသည့် မွန်တော်လှန်ရေးရဲဘော်အပေါင်းအားလည်း ကိုယ်စိတ်နှဖြာကျန်းမာရွှင်လန်းစေပြီး တော်လှန်ရေးအကျိုး၊အမျိုးသားရေးအကျိုးများအားအောင်ပွဲရသည်အထိစွမ်းဆောင်နိုင်ရန်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရဲမျိုးဆက်ကျောင်းသားများ(မွန်ပြည်နယ်)
ဇန်နဂါရီလ ၃ဂ ရက်၊၂ဂ၁ဂခုနှစ်